W Y A N D O T T E ပြည် နယ် ပြည် ထောင် စု အ စိုး ရ/ K A N S A S မြို့ တော် ၊ K A N S A S

# က လေး များ တွင် တွေ့ ရသည့်ခဲ ဆိပ် သင့် ခြင်း

## ကလေးများ၏ကိုယ်ခန္ဓာတွင် ခဲဓာတ်ကို တွေ့ရှိရပါက အဘယ်ကြောင့် စိုးရိမ်ရန်လိုအပ်ပါသနည်း။



- ကလေးငယ် အများစုသည် ခဲဆိပ်သင့်ကြသောအခါ လက္ခဏာပြခြင်း (သို့မဟုတ်) နာမကျန်းဖြစ်ခြင်း မရှိကြပေ။
- ခဲဓာတ်ကြောင့် ဆိုးဝါး ပြင်းထန်သည့် ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေပါသည်။
- ခဲဓာတ်သည် ကလေးသွေးအတွင်းတွင်ရှိနေပါက အန္တရာယ်ကင်းသောပမာဏဟူ၍ မရှိပါ။

## မည်သူ့တွင်အန်တရာယျ ရှိသနည်း။



- အသက် ၆ နှစ်အောက် ကလေးငယ်များ။
- ကလေးငယ်များသည် ကြီးထွားဖွံ့ဖြိုးလျက်ရှိပြီး ခဲဓာတ်ကို ပိုမိုစုပ်ယူနိုင်ကြသည်။ ကလေးများသည် မိမိတို့၏ လက်များနှင့် အခြားသော ပစ္စည်းများကို ပါးစပ်အတွင်းသို့ ထည့်လေ့ရှိကြသည်။

## ကလေးများ ခဲဓာတ်နှင့် မည်သို့ ထိတွေ့ကြသနည်း။

- ခဲမှုန်များကို မျိုချခြင်းနှင့် အသက်ရှူသွင်းမိခြင်း
- ခဲဓာတ်ပါသော သုတ်ဆေး အချပ်များ/အစများ သို့မဟုတ် မြေကြီးကို စားမိခြင်း
- ကလေးများသည် ခဲဓာတ်ပါသည့် ဆေးဖြင့် သုတ်ထားသော ပစ္စည်းများကို စားမိခြင်း၊ ဝါးမိခြင်း (သို့မဟုတ်) စုပ်မိခြင်းများ ရှိနိုင်သည်။
- ခဲဓာတ်ပါသော သုတ်ဆေးသည် အချိန်ကြာသည်နှင့်အမျှ မမြင်ရသော ဖုန်မှုန့်အသွင်သို့ ပြောင်းလဲသွားနိုင်သည်။
- ပြူတင်းပေါက်များနှင့် တံခါးများကို ဖွင့်ခြင်း၊ ပိတ်ခြင်း ပြုလုပ်ပါက ခဲဓာတ်ပါသည့် သုတ်ဆေးကို ဖုန်မှုန့်အဖြစ် ပြောင်းလဲသွားစေသည်။
- ကလေးများ ပါးစပ်အတွင်းသို့ ထည့်တတ်သည့် လက်များ၊ အရုပ်များနှင့် ပစ္စည်းများတွင် ခဲဖုန်မှုန့်များ ကပ်သွားသည်။

W Y A N D O T T E ပြည် ထောင် စု အ စိုး ရ
ပြည် နယ် / K A N S A S မို့တော်၊
K A N S A S

ခဲဆိပ်သင့်မှုကာကွယ်ရေး အစီအစဉ်
ပြည်သူ့ကျန်းမာရေး ဦးစီးဌာန 619
Ann Avenue
Kansas မြို့တော်၊ KS 66101

ဖုန်း- (913) 573-6774

WYANDOTTE ပြည်နယ် ပြည်ထောင်စုအစိုးရအဖွဲ့၊ KANSAS မြို့တော်
KANSAS

# က လေး များ တွင် တွေ့ ရသည့်ခဲ ဆိပ် သင့် ခြင်း

## ခဲဆိပ်သင့်သည့် လက္ခဏာအချို့မှာ အဘယ်နည်း။

- ပင်ပန်းနွမ်းနယ်နေခြင်း သို့မဟုတ် စိတ်ဆတ်ခြင်း
- ဝမ်းလျှောခြင်း/ ဝမ်းပျက်ခြင်း
- သွေးဖိအား မြင့်တက်ခြင်း
- အန်ခြင်း
- ပျို့ခြင်း
- ကိုယ်အလေးချိန် ကျဆင်းခြင်း
- ခံစားလွယ်ခြင်း
- သွေးအားနည်းခြင်း
- တက်ခြင်း၊ ကိုမာဝင်ခြင်းနှင့် သေဆုံးခြင်း




## ခဲဆိပ်သင့်ခြင်းကြောင့် ကျန်းမာရေးအပေါ် မည်သို့ ထိခိုက်သနည်း။

- ဦးနှောက်၊ ကျောက်ကပ်နှင့် အာရုံကြောစနစ်ကို ထိခိုက်သည်
- ကြီးထွားဖွံ့ဖြိုးမှုနှုန်းကို နှေးကွေး၊ ကျဆင်းစေသည်
- အာရုံစူးစိုက်ရန်နှင့် သင်ယူရန် ခက်ခဲစေသည်
- အကြားအာရုံနှင့် စကားပြောစွမ်းရည်ကို ထိခိုက်ပျက်စီးစေသည်
- အပြုအမူဆိုင်ရာ ပြဿနာများ ဖြစ်စေသည်



## သွေးအတွင်း ခဲဓာတ်ပါဝင်မှု စစ်ဆေးခြင်း

- အသက် ၁ နှစ်နှင့် ၂ နှစ်အရွယ်ကလေးများအား ခဲဓာတ်ပါဝင်မှုကို စစ်ဆေးရန် အကြံပြုအပ်ပါသည်။
- သင့်ကလေးငယ်အား ခဲဆိပ်သင့်မှုကို စစ်ဆေးရန် ကျန်းမာရေး ဌာနနှင့် ဆက်သွယ်ပါ။
- ကလေးငယ်၏ သွေးထဲတွင် ခဲဓာတ်ပါဝင်မှုအဆင့် မြင့်မားခြင်း ရှိ၊ မရှိကို သိရှိနိုင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ သွေးစစ်ခြင်း ဖြစ်သည်။
- သွေးစစ်ချက်အဖြေပေါ် မူတည်၍ နောက်ထပ် စစ်ဆေးမှုများကိုလည်း ဆက်လက်လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။
- ကျန်းမာရေး ဌာနအနေဖြင့် ကလေး၏ သွေးထဲရှိ ခဲဓာတ်ပါဝင်မှုအဆင့်ကို စောင့်ကြည့် တိုင်းတာမည် ဖြစ်ပြီး ရောဂါ ကာကွယ်ရန် လိုအပ်သည့် အကြောင်းအရာ အချက်အလက်များကို ပေးရပါမည်။

WYANDOTTE ပြည်
ထောင် စု အ စိုး ရ
ခရိုင်/ KANSAS မြို့တော်၊
KANSAS

ခဲဆိပ်သင့်မှု ကာကွယ်ရေး
စီမံကိန်း
ပြည်သူ့ကျန်းမာရေး ဦးစီးဌာန
619 Ann Avenue
Kansas မြို့တော်၊ KS 66101
ဖုန်းနံပါတ်- (913) 573-6774